# စည်းကမ်းနှင့် သတ်မှတ်ချက်များ

**1. အရည်အချင်းသတ်မှတ်ချက်နှင့် ပါဝင်နိုင်မှု**

1.1. "Grow Together BizPitch" အစီအစဉ်ကို မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် Startup လုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ရိုးမဘဏ်က စီစဉ်ကျင်းပခြင်းဖြစ်သည်။

1.2. ဤအစီအစဉ်တွင် ပါဝင်လို၍ ကနဦးအဆင့် လျှောက်ထားသူများအနေဖြင့် နောက်ပိုင်းအဆင့်များတွင် အစီအစဉ်အတွက် လိုအပ်သော စာရွက်စာတမ်းများပေးပို့ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် သဘောတူ သိရှိထားရပါမည်။

1.3. ဤအစီအစဉ်တွင် လောင်းကစားလုပ်ငန်း၊ တရားမဝင်လုပ်ငန်းများ၊ မူးယစ်ဆေးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ပါဝင်သည့် လုပ်ငန်းများ၊ ဆေးလိပ်၊ အရက်ယမကာ၊ Multi-level Marketing (MLM) လုပ်ငန်းအမျိုးအစားများ စသည်တို့ ပါဝင်လျှောက်ထားနိုင်မည် မဟုတ်ပါ။ ဤအစီအစဉ်တွင် ရိုးမဘဏ်၏ ဝန်ထမ်းများနှင့် တိုက်ရိုက်မိသားစုဝင်များ ပါဝင်လျှောက်ထားနိုင်မည် မဟုတ်ပါ။

**2. အစီအစဉ်အကြောင်းအရာ**

2.1. ရိုးမဘဏ်၏ "Grow Together BizPitch" အစီအစဉ်တွင် ပါဝင်ရန် လျှောက်ထားခြင်း၊ ဆန်ခါတင် စိစစ်ခြင်းနှင့် အနိုင်ရရှိသည့် လုပ်ငန်းများကို စိစစ်ရွေးချယ် ဆုပေးခြင်း ဆိုသည့် အဆင့်သုံးဆင့် ပါဝင်မည်ဖြစ်ပါသည်။

2.2. ပထမအဆင့်တွင် ပါဝင်လျှောက်ထားလိုသော MSMEs နှင့် Startup လုပ်ငန်းများအနေဖြင့် သတ်မှတ်ထားသည့် ကာလ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈)

ရက် အတွင်း လျှောက်လွှာဖြည့်ခြင်း၊ လိုအပ်သော အချက်အလက်နှင့် အထောက်အထားများ အားလုံးကို ဤ လင့်ခ် ymbank.co/bizpitch-apply-form မှ တစ်ဆင့် ပေးပို့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ အကယ်၍ လျှောက်ထားသူမှ File တစ်စုံတစ်ရာ မှားယွင်း Upload မိခဲ့သော်လည်းကောင်း၊ အချက်အလက် တစ်စုံတစ်ရာ မှားယွင် ဖြည့်စွက်မိသောကြောင့်သော်လည်းကောင်း ပြန်လည်လျှောက်ထားရန်အတွက် လျှောက်ထားမှုအကြိမ်ရေ ခေါင်းစဉ်အောက်တွင် ပြန်လည်လျှောက်ထားခြင်း (ဥပမာ - Attached file မှားယွင်းတင်ပြမိသောကြောင့်) အားရွေးချယ်ပြီး ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

2.3. ယခု အစီအစဉ်တွင် MSMEs နှင့် Startup လုပ်ငန်းများ ပိုမိုပါဝင်နိုင်ရန်၊ လုပ်ငန်းများအချင်းချင်း ချိတ်ဆက်နိုင်ရန်၊ စီးပွားရေး အခွင့်အလမ်းများ ပိုမိုအားကောင်းစေရန်၊ "Grow Together BizPitch" အစီအစဉ် အကြောင်း ပိုမိုသိရှိစေရန်၊ စီးပွားရေးအကြံဉာဏ်နှင့် အသိပညာပေးလုပ်ငန်းများ မျှဝေပေးရန် စသည့်အကြောင်းအရာများအတွက် ရိုးမဘဏ်နှင့် စီးပွားရေးအကြံပေးပညာရှင်များက လုပ်ငန်းများ ပါဝင်လျှောက်ထားနိုင်သော ကာလအတွင်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ် မြို့ကြီးများတွင် ဟောပြောပွဲများ ပြုလုပ်ကျင်းပသွားမည်ဖြစ်သည့်အပြင် စိတ်ဝင်စားသူများပါ တက်ရောက်နိုင်ရန်အတွက် Online ဟောပြောပွဲများနှင့် ရေဒီယိုစကားဝိုင်းများကိုလည်း ထည့်သွင်း ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

**3.ဝင်ရောက်လျှောက်ထားခြင်း လုပ်ငန်းစဉ်**

3.1. ပါဝင်သူများသည် ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ အခြေခံသတင်းအချက်အလက်များ၊ ၁ နှစ်စာမှ ၃ နှစ်စာအထိ မိမိတို့လုပ်ငန်းအစီအစဉ် အကျဉ်းချုပ် ဖော်ပြချက်နှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ ထည့်သွင်း လျှောက်ထားရန်၊ ကနဦးအဆင့်မှ နောက်တစ်ဆင့်သို့ ဆက်လက်လျှောက်ထားနိုင်သူများသည် လိုအပ်သော စာရွက်စာတမ်း အချက်အလက်များနှင့် လုပ်ငန်းအစီအစဉ် အားပြန်လည် ပေးပို့နိုင်ရန်အတွက် သတ်မှတ်ထားသော ဤ လင့်ခ် ymbank.co/bizpitch-apply-form မှ တစ်ဆင့် ဆက်လက် ပေးပို့ရန် လိုအပ်ပါသည်။

3.2. ရိုးမဘဏ်အနေဖြင့် ဤအစီအစဉ်တွင် ပါဝင်လျှောက်ထားနိုင်မှု ပိုမိုများပြားနိုင်စေရန်အတွက် ကနဦးလျှောက်ထားမှုတွင် လိုအပ်သော စာရွက်စာတမ်းအချက်အလက်များ လျှော့ချထားပြီး နောက်ပိုင်းအဆင့်တွင် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ဖြေရှင်းဆောင်ရွက်ချက်များ၊ သတ်မှတ်ထားသည့် ဈေးကွက်၊ ဝင်ငွေပုံစံ နှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်နှင့် အကြံအဉာဏ်များ စသည်တို့ကို ဆက်လက်ပေးပို့ပေးရမည်ဖြစ်ပါသည်။

**4. စိစစ်ခြင်းနှင့် အပြီးသတ် ရွေးချယ်မှု**

4.1. ရိုးမဘဏ်၏ "Grow Together BizPitch" အစီအစဉ်တွင် ပါဝင်ရန် လျှောက်ထားခြင်း၊ ဆန်ခါတင် စိစစ်ခြင်းနှင့် အနိုင်ရရှိသည့် လုပ်ငန်းများကို စိစစ်ရွေးချယ် ဆုပေးခြင်း ဆိုသည့် အဆင့်သုံးဆင့် ပါဝင်မည်ဖြစ်ပါသည်။

4.2. ပထမအဆင့်တွင် ပါဝင်လျှောက်ထားလိုသော MSMEs နှင့် Startup လုပ်ငန်းများအနေဖြင့် သတ်မှတ်ထားသည့် ကာလ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် အတွင်း လျှောက်လွှာဖြည့်ခြင်းနှင့် လိုအပ်သော အထောက်အထားများကို ဤ လင့်ခ် ymbank.co/bizpitch-apply-form မှ တစ်ဆင့် ပေးပို့လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

4.3. သတ်မှတ်ကာလ လက်ခံရရှိသည့် လျှောက်လွှာများကို စိစစ်ရွေးချယ်ခြင်း လုပ်ငန်းစဉ်တွင် အဆင့်နှစ်ဆင့် ပါဝင်မည်ဖြစ်ပါသည်။ ပထမအဆင့်တွင် ကနဦးအဆင့် လျှောက်လွှာများ၏ ဖြည့်သွင်းထားသော လုပ်ငန်းအစီအစဉ် များဖြစ်သည့် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ဖြေရှင်းဆောင်ရွက်ချက်များ၊ သတ်မှတ်ထားသည့် ဈေးကွက်၊ ဝင်ငွေပမာဏနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်နှင့် အကြံဉာဏ်များကို စိစစ်သုံးသပ် ရွေးချယ်မည်ဖြစ်ပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာများအနက်မှ လုပ်ငန်းစုစုပေါင်း လုပ်ငန်း (၂၀၀) ကို ပရိုဂရမ်ဒါရိုက်တာနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက ရွေးချယ်သွားမည်ဖြစ်ပါသည်။

4.4. အဆိုပါ ကနဦးအဆင့်ရွေးချယ်ခံရသည့် လုပ်ငန်း (၂၀၀) ကို ပရိုဂရမ်ဒါရိုက်တာနှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များနှင့် နှစ်ရက်ကြာ ပြုလုပ်မည့် စီပွားရေးအကြံဉာဏ် ဆွေးနွေးမှု လမ်းညွှန်သင်တန်းသို့ ဖိတ်ကြားမျှဝေပေးသွားမည်ဖြစ်ပြီး ယင်းလမ်းညွှန်မှုသင်တန်းတွင် ရှေ့ဆက်လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး သိရှိနားလည်ရန် လိုအပ်ချက်များ၊ ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များ အတွက်ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်ရန်များကို လမ်းညွှန် သင်ကြားပေးမည်ဖြစ်သည်။

4.5. အဆိုပါ စီးပွားရေးအကြံဉာဏ် ဆွေးနွေးမှု လမ်းညွှန်သင်တန်းပြီးသည့်နောက်ပိုင်းတွင် ကနဦးအဆင့် ရွေးချယ်ခံရသူ လုပ်ငန်း (၂၀၀) သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအစီအစဉ်များကို ဟောပြောပွဲများမှ ရရှိသော လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများနှင့် စပ်လျဉ်းသော ဆန်းသစ်တီထွင်မှု၊ ဈေးကွက်အလားအလာရှိမှု၊ လုပ်ငန်းချဲ့ထွင်နိုင်မှု၊ အသင်းအဖွဲ့အင်အားရှိမှု၊ လူမှုအကျိုးသက်ရောက်မှု၊ တရားဝင်ဖြစ်မှု စသည့်တင်ပြချက်များနှင့်အတူ လူကိုယ်တိုင် တင်ပြပြောဆိုထားသော ၁၅ မိနစ်ကြာ ဗီဒီယိုဖိုင် တစ်ခုကိုပါ ပူးတွဲပေးပို့ လျှောက်ထားရမည်ဖြစ်ပါသည်။

4.6. ဒုတိယအဆင့် စိစစ်ရွေးချယ်မှုအနေဖြင့် ရွေးချယ်ခံထားရသူ လုပ်ငန်း (၂၀၀) ကို စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များက ဆန်ခါတင် လုပ်ငန်း ၃၀ ကို ထပ်မံရွေးချယ်သွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်း ၃၀ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သို့မဟုတ် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သို့မဟုတ် စက်မှုဝန်ကြီးဌာန သို့မဟုတ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) သို့မဟုတ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MSMEs) တို့မှ အထောက်အထားတစ်ခုခု စသည့်တင်ပြချက်များနှင့် အတူ ၎င်းတို့၏ လုပ်ငန်းအဆိုပြုချက်များကို စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များသို့ လူကိုယ်တိုင်လာရောက် ဆွေးနွေးတင်ပြသွားရမည်ဖြစ်ပါသည်။

4.7. နောက်ဆုံးအဆင့်အနေဖြင့် ယင်း ဆန်ခါတင် လုပ်ငန်း ၃၀ ထဲမှ တင်ပြချက်များနှင့် လုပ်ငန်းအဆိုပြုချက်များအပေါ် အခြေခံ၍ ပရိုဂရမ်ဒါရိုက်တာနှင့်

စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များက နောက်ဆုံးဆုရရှိမည့် လုပ်ငန်း ၄ ခုကို ရွေးချယ်သွားမည်ဖြစ်ပါသည်။

4.8. နောက်ဆုံးရွေးချယ်ခံရသူ လုပ်ငန်း ၄ ခုသည် ၎င်းတို့၏ လုပ်ငန်းရပ်တည်မှု၊ လုပ်ငန်းအစပျိုးမှုများကို ပံ့ပိုးကူညီရန်နှင့် အနာဂတ်လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ရိုးမဘဏ်က လုပ်ငန်းတစ်ခုစီအတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀၀ စီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

4.9. ရိုးမဘဏ်အနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်အတိုင်း အနိုင်ရရှိသော လုပ်ငန်းများကို လုပ်ငန်းအမှန်တကယ် ဆက်လက်ရပ်တည်လည်ပတ်နိုင်စေရန်၊ လုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဆုကြေးငွေသုံးစွဲမှုကို လမ်းညွှန်ကြီးကြပ်မှုဖြင့် ပေးအပ်သွားမည်ဖြစ်ပါသည်။

**5. ဆုကြေးနှင့် အကျိုးခံစားခွင့်များ**

5.1. အဆိုပါ အစီအစဉ်တွင် ဆုရရှိသူ လုပ်ငန်း ၄ ခုအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး အစီအစဉ်များကို ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ရိုးမဘဏ်က လုပ်ငန်းတစ်ခုစီကို မြန်မာကျပ်ငွေ သိန်း ၅၀၀ စီ ရရှိမည် ဖြစ်ပါသည်။

5.2. ဆုရရှိသူများကို ရိုးမဘဏ်၏ လူမှုကွန်ရက်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် ဤအစီအစဉ်နှင့် ပတ်သက်သော ဖော်ပြချက်များတွင် ပွင့်လင်းမြင်သာစွာ ဖော်ပြသွားမည်ဖြစ်ပါသည်။

5.3. ရိုးမဘဏ် အနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်အတိုင်း အနိုင်ရရှိသော လုပ်ငန်းများကို လုပ်ငန်းအမှန်တကယ် ဆက်လက်ရပ်တည်လည်ပတ်နိုင်စေရန်၊ လုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဆုကြေးငွေသုံးစွဲမှုကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း

ပေးအပ်သွားမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းစဉ်အဆင့်တိုင်းတွင် လျှောက်ထားသူများကို အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**6. အစီအစဉ်ဆုံးဖြတ်ချက်**

6.1."Grow Together BizPitch" အစီအစဉ်၏ စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့အနေဖြင့် လျှောက်လွှာပါ အချက်အလက်များကို စိစစ်ရာ၌ မှားယွင်းသော သို့မဟုတ် လွဲမှားသော အချက်အလက်များကို ဖော်ပြထားသည်ကို တွေ့ရှိပါက သတ်မှတ်ချက် မပြည့်မီသော လျှောက်လွှာအဖြစ် ကန့်သတ်ဖယ်ရှားပိုင်ခွင့်ရှိပါသည်။ စိစစ်ရွေးချယ်ခြင်းအဆင့်များတွင် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ပါသည်။

6.2. ယခုအစီအစဉ်တွင် ပါဝင်သူများအနေဖြင့် ၎င်းတို့၏ လျှောက်ထားမှုဆိုင်ရာ တင်ပြချက်များကို "Grow Together BizPitch" အစီအစဉ် ပရိုမိုးရှင်းအစီအစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

6.3. "Grow Together BizPitch" အစီအစဉ်တွင် ပါဝင်သူများသည် ဤစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန်၊ ရိုးမဘဏ်နှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့က သမာသမတ်ကျသော မည်သည့်ဆုံးဖြတ်ချက်များကိုမဆို လိုက်နာရန် သဘောတူရပါမည်။

**7. ကိုယ်ရေးကိုယ်တာအချက်အလက်များအတွက် ကတိကဝတ်**

"Grow Together BizPitch" အစီအစဉ် လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်အတွင်း လျှောက်ထားသူများ၏ အချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး အစီအစဉ် ပရိုမိုးရှင်း ရည်ရွယ်ချက်အတွက်သာ အသုံးပြုမည်ဖြစ်ကာ ရိုးမဘဏ်၏ မူဝါဒနှင့် အညီ အထူးအလေးထား စောင့်ထိန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**8. ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပွင့်လင်းမြင်သာမှု**

ရိုးမဘဏ်နှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့သည် အစီအစဉ် ကို ပြင်ဆင်ရန်၊ ဆိုင်းငံ့ရန် သို့မဟုတ် ရပ်စဲရန်နှင့် ဤစည်းကမ်းသတ်မှတ်ချက်များကို အချိန်မရွေး ပြင်ဆင်ပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။ ရိုးမဘဏ်အနေဖြင့် မည်သည့် ပြောင်းလဲမှုများကိုမဆို ရိုးမဘဏ်၏ တရားဝင် လူမှုကွန်ရက် https://www.facebook.com/yomabank နှင့် Website ymbank.co/bizpitch တို့တွင် ပွင့်လင်းမြင်သာစွာ ကြေညာသွားမည် ဖြစ်ပါသည်။

**9. ဆက်သွယ်စုံစမ်းရန်**

လျှောက်ထားသူများသည် အစီအစဉ်နှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းမှုများပြုလုပ်လိုပါက ရိုးမဘဏ်၏ Email info@yomabank.com, 24/7 Customer Care Center - ၉၆၆၂ (သို့မဟုတ်) ၀၉၇၉၆၆၂၉၆၆၂ တို့ကိုလည်း အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။